# Highlights from DVB Debate’s Cultural Heritage Show

## June 06, 2015

## “How to protect Burma’s Cultural Heritage?”

“အခုဆိုရင် ပျူမြို့ဟောင်း ကမ္ဘာ့အမွေအနှစ်စာရင်းဝင်ခဲ့တယ်။ ရှေးဟောင်းအမွေအနှစ်တွေက မြေပေါ်မြေအောက်ရှိတယ်။ ဒါတွေကို စီးပွားရေးအင်အားကြီးမားသူတွေနဲ့ လုပ်ပိုင်ခွင့်ရှိသူတွေက ငွေကြေးအင်အားနဲ့ ဇောင်းပေးပြီး လုပ်ချင်တာလုပ်ခွင့်ရနေရင် ရှေးဟောင်းအမွေအနှစ်တွေအတွက် စိုးရိမ်စရာပဲ”

ဦးနေဦး - ရှေးဟောင်းအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေး အရပ်ဖက်အဖွဲ့

---

“ပျူခေတ်ရှေးဟောင်းကျောက်စာတချပ်ဟာ မှောင်ခိုဈေးကွက်မှာ သိန်း ၃၀၀ ထိပေါက်တယ်..ပျူအရိုးအိုးတွေ.။ ဒေသခံတွေကိုယ်တိုင် ထိန်းသိမ်းတာတွေရှိတာမှန်သလို တချို့ဒေသခံတွေမှာက စားဝတ်နေရေးပြဿနာ အမြန်ဖြေရှင်းနည်းအနေနဲ့ ရှေးဟောင်းပစ္စည်းတွေ တူးဖော်ရှာဖွေရောင်းတာတွေလည်း ရှိနေပါတယ်။ သူတို့ ဒါတွေကို စောင့်ရှောက်ရကောင်းမှန်းမသိဘူး”

ဦးဘုန်းတင့်ကျော် - သမိုင်းသုတေသီ

---

“ရှေးဟောင်းအမွေအနှစ်တွေကို ဒေသခံ ၉၅ ရာနှုန်းလူဦးရေက ဖျက်ဆီးနိုင်စွမ်း ၅ ရာခိုင်နှုန်းလောက်ပဲ ရှိတယ်။ ဒါပေမယ့် ငွေရှင်ကြေးရှင်.စီးပွားရေးသမား ၅ ရာနှုန်းလောက်ရှိရင်တောင် သူတို့ဖျက်ဆီးနိုင်မှုစွမ်းအားက ၉၅ ရာနှုန်းရှိတယ်ဗျ”

ဦးနေဦး - ရှေးဟောင်းအမွေအနှစ်ကာကွယ်ထိန်းသိမ်းရေး အရပ်ဖက်အဖွဲ့

---

“ပညာရေးလောကမှာကိုက သမိုင်းဆိုတာ မသိသေး၊ ချွတ်ချော်မှုတွေရှိနေတော့ အမွေအနှစ်တွေကို တန်ဖိုးထားရမှန်း၊ ဘာကြောင့် ထိန်းသိမ်းရမယ်မှန်း မသိဘူး”

ဦးသာထူး - တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီ ခရိုင်ဥက္ကဋ္ဌ

---

“ရှေးဟောင်းသုတေသနဌာနအနေနဲ့ သိပ္ပံစမ်းသပ်ခန်းတွေနဲ့ စနစ်တကျ ရှေးဟောင်းအမွေအနှစ်တွေကို သက်တမ်းစစ်ဆေးတာ၊ တန်ဖိုးဘယ်လောက် အချိန်ကာလ ဘယ်ကာလကဖြစ်ကြောင်း စစ်တာတွေလုပ်ရမယ်။ ပျူစာတွေလည်း ဒီထက်ပိုလေ့လာရမယ်”

ဦးကျော်သက်အောင် - ပြည်ဒေသခံ

---

"ပုဂံမှာဆိုရင် မပျက်မစီးရှိနေသေးတဲ့ ရှေးဟောင်းအမွေအနှစ် ၂၂၀၀ ကျော် ရှိသေးတယ်။ ၂ထပ် လိုဏ်ဂူဘုရားတွေ၊ ပန်းဆယ်မျိုးအနုပညာလက်ရာတွေ တနယ်ထဲတင် အများကြီး။ ပုဂံဟာလည်း ကမ္ဘာ့အမွေအနှစ်စာရင်းပါသင့်တာ၊ အစိုးရက ပါဖို့ ပြင်ဆင်နေတယ်။ ဒါပေမယ့် ရှေးဟောင်းဇုန်ထဲမှာ ဟိုတယ်တွေရှိနေတာနဲ့တင် ယူနက်စကိုက ငြင်းပစ်တာ။ ဟိုတယ်တွေ မဖယ်ထုတ်နိုင်သေးသရွေ့ နီးပဲ။"

ဦးဘုန်းတင့်ကျော် - သမိုင်းသုတေသီ

---